တရားမပုံစံအမှတ် ၉၄

ရောင်းချရန်ကြော်ငြာစာ

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၆ )

မဟာအောင်မြေခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၈၁

| | | |
|---|---|---|
| ဆောက်လုပ်ရေးနှင့်အိမ်ယာဖွံ့ဖြိုးရေးဘဏ်<br>(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ) | နှင့် | ဒေါ်လှလှဌေး (ကွယ်လွန်သူ (၁)တရားရှိုး ဦးချောင်း၏တရားဝင်ကိုယ်စားလှယ်)<br>(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်လှဲ့လှဲ့ဝေ) |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၂၀၉ /၂၀၁၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၉ ရက်၊ နံနက် (၁၀) နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာ လိုက်သည်။

## ရောင်းချရန် စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစုံတခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏အကျိုးသက်ဆိုင် သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော် လိုက်သည်။

၂။ လေလံတင် ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့် ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲ ဝယ်သူ က ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက် နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ လ၊ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

တံဆိပ်

( မျိုးဝင်း )
ကွဲဝက်ခရိုင်တရားသူကြီး (စ
မဟာအောင်မြေခရိုင်တရားရုံး
တရားသူကြီး။

<u>ပစ္စည်းစာရင်း</u>

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၆၉)၊ ဦးပိုင်အမှတ် (၆-ခ + ၇-ခ+ ၈-ခ)၊ မြေဧရိယာ(၀.၀၅၀၆+၀.၀၂၁၃+၀.၁၀၂၇)ဧကရှိ ဒေါ်လှလှဌေးအမည်ပေါက် ဘိုးဘပိုင် မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းဈေးကျပ်သိန်း( ၃၈၉၀၀ )

အရောင်းကြော်ငြာစာတင်သွင်းရန် ၂၉-၁၂-၂၀၂၃

<u>ကပ်ရန်</u>

- မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း
- ချမ်းမြသာစည်မြို့နယ်တရားရုံးကြော်ငြာသင်ပုန်း
- တမ္ပဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ကြော်ငြာသင်ပုန်း
- အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ
- ရုံးလက်ခံ